# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၂)


ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများ ဆက်ကပ် ပူဇော်စဉ်။
(သတင်းစဉ်)

## ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)







# မဟာဗောဓိစေတီတော်ဗောဓိပင်နှင့်ရွှေပလ္လင်ရှေ့၌အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော်အနေကဇာတင်မင်္ဂလာအခမ်းအနား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်ကြည်ညို ဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ

**ရန်ကုန်    အောက်တိုဘာ    ၃၁**

အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့၌ အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော် အနေကဇာတင်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၅ နာရီတွင် အဆိုပါ ဗုဒ္ဓကြေးဆင်းတုတော်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုကြပြီး ဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✡



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိ စေတီတော်အတွက် လှူဒါန်းငွေများကို ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

# မြန်မာ–အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ် တိုးမြှင့်ဖွင့်လှစ် နှစ်နိုင်ငံအကျိုးတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် ရှေးယခင် အစဉ်အဆက်ကာလကပင် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများရှိခဲ့ကြသည်။ နှစ်နိုင်ငံ၏ တူညီသည့်သမိုင်းအစဉ်အလာ၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဘာသာရေးဆိုင်ရာ နောက်ခံသမိုင်းကြောင်းများသည် နှစ်နိုင်ငံပြည်သူများ၏ ဘဝကို ပိုမိုသာယာဝပြောစေပြီး အချင်းချင်း နားလည်စာနာမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမို တိုးတက်မြင့်မားစေလျက်ရှိသည်။

ယင်းကဲ့သို့ တူညီသော အစဉ်အလာကောင်းများ တိုးတက်ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားလာလည်ပတ်ခြင်းဖြင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်ကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၄ခုနှစ် အောက်တိုဘာလ၂၄ ရက်နေ့မှ ၂၉ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာအေ၊ပီ၊ဂျေအဗ္ဗဒူလ်ကလမ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာ၌–

> **“ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပျံ့နှံ့နေသည့်ဖြစ်စဉ်တွင် ယနေ့ မိမိတို့၏ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားရေးသည် လွန်စွာအရေးကြီးသောအချက်ဟု ခံယူထားပါကြောင်း။ ယင်းကိစ္စနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ ‘အရှေ့ဘက်သို့ မျှော်ကြည့်သည့်မူဝါဒ’နှင့် အာဆီယံနိုင်ငံများနှင့်စီးပွားရေး ဆက်သွယ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သန္နိဋ္ဌာန်ချထားသည်ကို မြန်မာနိုင်ငံက ကြိုဆိုပါကြောင်း”**

ဟူ၍ ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အိန္ဒိယနိုင်ငံမှ အာဆီယံနိုင်ငံများသို့ သွားရောက်သည့် တံခါးပေါက် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်နွှယ်မှုရှိနေသည့် သမိုင်းရေးရာ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးရာ ဆက်ဆံခြင်းများကို ပြန်လည်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများ၏ ပေါင်းကူးနေရာတွင် တည်ရှိသည့် နိုင်ငံများဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားကုန်သွယ်မှုများပြုလုပ်နိုင်သော အလားအလာကောင်းများရှိနေရာ ဒေသတွင်းပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်ကာလတွင် ဧကန်မုချ တိုးတက်မြင့်မားလာမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံချင်းအနေဖြင့်လည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဘင်းမ်စတက်၊ အာဆီယံ၊ အာရှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲနှင့် ဂင်္ဂါ–မဲခေါင် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း အိန္ဒိယနိုင်ငံနှင့် အတူတကွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သာဓကအားဖြင့် သုံးနိုင်ငံအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းတွင် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ကို မြင်တွေ့နိုင်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားကဏ္ဍများတွင်လည်း အိန္ဒိယနိုင်ငံနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင်အတူတကွပူးပေါင်းဆောင်ရွက်နေမှုများသည် ဒေသတွင်းပေါင်းစည်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားလာလည်ပတ်ခြင်းဖြင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ရာ နှစ်နိုင်ငံအကြား နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ အကျိုးတူဆက်လက်ပူးပေါင်းမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




# မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်စည်းဝေး၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၃၁

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ၂၉ရက် နံနက် ၁၀ နာရီခွဲ က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကမ္ဘောဒီးယားနိုင်ငံ Ministry of Social Affairs Veterans and Youth Rehibilitation မှ Minister Mr. Ith Sam Heng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Working Committee for Children and Women မှ Minister and Vice Chairperson Madame Huang Qingyi၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ Ministry of Labour and Social Welfare မှ Minister Mr. Somphanh Phengkhammy၊ ထိုင်းနိုင်ငံ Ministry of Social Development and Human Security မှ Permanent Secretary Mr. Wanlop Polytabtim၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Ministry of Public Security မှ Vice-Minister Lieutenant General Dr. Le The Tiem၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Charles James Petrie နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစည်းအဝေး၏ အတွင်းရေးမှူးအဖွဲ့ ဖြစ်သော UNIAPမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

အစည်းအဝေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အောက်တိုဘာ ၂၇ နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သော မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာများနှင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ နားလည်မှုစာချွန်လွှာတွင် ပါဝင်သည့် အဓိကအကြောင်းအရာများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နိုင်ငံအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ဓါတ်ပုံ)**

### ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူများနှင့်ဧည့်သည်တော်များအား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



# အာရုံပြု ဖူးမြော် ကြည်ညို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များက မိဂဒါဝုန်တွင် ဂေါတမမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာ၌ ဂေါတမမြတ်စွာ ဘုရားအား အာရုံပြုပြီး ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

*✻ ကျောဖုံးမှ*

မိဂဒါဝုန်သို့ သွားရောက်ကြပြီး ဂေါတမမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာ၌ ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ဗာရာဏသီမြို့ မိဂဒါဝုန်(မြန်မာ)ကျောင်းဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇက ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာ၌ စေတီတော် တည်ရှိခဲ့သည့်နေရာများကို ရှင်းလင်းပြသသည်။

## အသောကကျောက်စာကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အသောက ကျောက်စာတိုင်ကို ကြည့်ရှုကြသည်။

ထို့နောက် မူလဂန္ဓကုဋိခေါ် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့သည့် နန္ဒိယ ကျောင်းတော်ရာကို ကြည့်ရှုကြပြီး မြတ်စွာဘုရားအား အာရုံပြု၍ ကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မိဂဒါဝုန် (မြန်မာ) ကျောင်းဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇအား လှူဖွယ်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မြတ်စွာဘုရား ပထမဝါကပ်တော်မူခဲ့သည့် မိဂဒါဝုန်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

## လှည့်လည်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဓမ္မေခစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်၍ ကြည်ညိုပူဇော်ကြသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မိဂဒါဝုန်မှ ဗာရာဏသီလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဂယာမြို့သို့ ရောက်ရှိကြရာ ဂယာလေဆိပ်တွင် Magadh Division Commissioner Mr. S.K. Negi နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် The Royal Residency သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီခွဲတွင် ဗုဒ္ဓဂယာရှိ မြန်မာကျောင်းသို့ ရောက်ရှိကြရာ ဒေသခံများ ၊ သံဝေဇနိယ လေးဌာန ဘုရားဖူးအစီအစဉ်အရ မြန်မာနိုင်ငံမှ ရောက်ရှိနေကြသည့် ဘုရားဖူးများက ကြိုဆိုကြသည်။

## သံဃာတော်များကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးများသည် မြန်မာကျောင်းများမှ ဆရာတော်များ၊ အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် စာသင်သား သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။ ***စာမျက်နှာ ၅ ကော်လံ ၁***



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက မိဂဒါဝုန် (မြန်မာ)ကျောင်း ဆရာတော်အား လှူဖွယ်များ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဗုဒ္ဓဂယာရှိ မြန်မာကျောင်းတွင် ဒေသခံများနှင့် မြန်မာနိုင်ငံမှရောက်ရှိနေသည့် ဘုရားဖူးများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အာဆီယံနှင့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား အရှေ့အာရှစီးပွားရေး အသိုက်အဝန်းထူထောင်ရန် ဆော်ဩ

တိုကျို အောက်တိုဘာ ၃၀

**ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)မှ စီးပွားရေးခေါင်းဆောင်များသည် တရုတ်နှင့် တောင်ကိုရီးယားအပါအဝင် အရှေ့အာရှ စီးပွားရေးအသိုက်အဝန်းတစ်ရပ် ထူထောင်ရေး တိုကျိုမြို့၌ ယင်းတို့၏ နှစ်ပတ်လည်စည်းဝေးကြစဉ် သောကြာနေ့က ဆော်ဩလိုက်သည်။**

အထက်ပါ ဆော်ဩသတင်း ထုတ်ပြန်ချက်သည် တိုကျိုမြို့၌ အကြိမ်(၃၀)မြောက် အာဆီယံ-ဂျပန် စီးပွားရေးဆိုင်ရာ အစည်းအဝေးသုံး ရက်ကြာကျင်းပပြီးနောက် ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**တိုက်တွန်း**

အဆိုပါ စီးပွားရေးခေါင်းဆောင်များက အာဆီယံနှင့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားဝန်ကြီးများကို အရှေ့အာရှစီးပွားရေးအသိုက်အဝန်း(အီးအေအီးစီ)ဖြစ်ပေါ်လာစေရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အာဆီယံနှင့် ဂျပန်စီးပွားရေးသမားများသည် တရုတ်၊ တောင်ကိုရီးယားတို့နှင့်အတူ အနီးကပ်စီးပွားရေးဆက်ဆံမှုများရှိပြီး အရှေ့အာရှနိုင်ငံများအားလုံး၏ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အီးအေအီးစီနိုင်ငံများကို စီးပွားရေးတိုးတက်မှုများ ဆောင်ကျဉ်းပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ယင်းပူးတွဲ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ စီးပွားရေးအသိုက်အဝန်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များအပြန်အလှန်လည်ပတ်ရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးစနစ်များညှိနှိုင်း လုပ်ဆောင်ရေး၊ နည်းပညာလွှဲပြောင်းပေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာများ ကာကွယ်ရေးတို့အတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးပါဝင်သည့် ပို၍နားလည်သဘောပေါက်သော စီးပွားရေးဆိုင်ရာ မိတ်ဆွေများအဖြစ် ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ၎င်းကြေညာချက်၌ ဖော်ပြထားသည်။

**ပြောကြား**

ဒေသဆိုင်ရာ အဆိုပါ စီးပွားရေးအသိုက်အဝန်းကို ဖန်တီးစေသည့် ခြေလှမ်းတစ်ရပ်အဖြစ် အာဆီယံ-ဂျပန်စီးပွားရေး ပေါင်းဖော်မှုသဘောတူညီချက်ကို စောစီးစွာလုပ်ဆောင်နိုင်လိမ့်မည်ဟု အဆိုပါ စီးပွားရေးခေါင်းဆောင်များက သုံးသပ်ပြောကြားသည်။

ယင်းတို့သည် လွတ်လပ်သော ကုန်သွယ်ရေး ဆွေးနွေးမှုများနှင့် စီးပွားရေးပေါင်းဖော်မှုသဘောတူညီချက်များအတွက် အထူးဝန်ကြီးတစ်ဦးကို တာဝန်ပေးလုပ်ဆောင်ရန် ဂျပန်အစိုးရကိုလည်း တိုက်တွန်းလိုက်သည်။

အနာဂတ်အာဆီယံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် သန်း ၆၀၀ သောပြည်သူများ၏ စီးပွားရေးလွတ်လပ်မှု ဇုန်တစ်ရပ်အဖြစ် ဖန်တီးပေးလိမ့်မည်ဖြစ်ကြောင်း ဂျပန်စီးပွားရေးအသင်းဥက္ကဋ္ဌ ကာကုတာရိုကီတာရိုရိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

**အရေးကြီး**

ယင်းကိစ္စသည် ၎င်း၏ အလုပ်သမားနှင့် စိုက်ပျိုးရေးဈေးကွက်များ ဖွင့်လှစ်ပေးပြီး အာဆီယံဖွံ့ဖြိုးရေး ကူညီပေးရန် ဂျပန်က အရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**မျှော်လင့်**

ယင်းပူးတွဲကြေညာချက်သည် လာအို၌ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံနှင့် ထိပ်သီးသုံးနိုင်ငံအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ကြောင်း အဆိုပါ စီးပွားရေးခေါင်းဆောင်များက ထုတ်ဖော်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယနှင့် စင်ကာပူကုန်သွယ်မှုတိုးမြှင့်မည်

ဟိုက်ဒရာဘတ် အောက်တိုဘာ ၃၀

**စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏တံခါးဖွင့်မူဝါဒများကြောင့် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရေး အိန္ဒိယနှင့်အတူ ကုန်သွယ်ရေးဆက်ဆံမှု တိုးမြှင့်ရန် သောကြာနေ့က စင်ကာပူနိုင်ငံကပြောကြားသည်။**

အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ၁၀သန်းခန့် စီးပွားရေးလုပ်ငန်း ပမာဏတစ်ရပ်နှင့်အတူ စင်ကာပူနိုင်ငံ၏၁၃ခုမြောက် အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်သည်။

**ပူးပေါင်း**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ အပြန်အလှန် ဆောင်ရွက်ရေးမူဝါဒများနှင့်အတူ အနာဂတ်ကုန်သွယ်မှုတိုးတက်လာစေလိမ့်မည်ဟု မျှော်လင့်ကြောင်း စင်ကာပူ ဒုတိယဝန်ကြီးချုပ် တိုနီတန်က စင်ကာပူနှင့် အိန္ဒိယဆရာဝန်များ ပူးပေါင်းတည်ထောင်သည့် ပစိဖိတ်ဆေးကုသဌာန နှစ်ပတ်လည်အခမ်းအနား၌ ပြောကြားသည်။

**ဆွဲဆောင်**

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာဒေသဖြစ်ကြောင်း၊ ယင်းဒေသသည် ကျန်းမာရေးပြုစုစောင့်ရှောက်ရေးအပါအဝင် ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍစုံလုပ်ငန်းများ ဆွဲဆောင်ရာဒေသဖြစ်ကြောင်း တန်ကပြောကြားသည်။

**ဖန်တီးပေး**

အိန္ဒိယအစိုးရသည် ဖြစ်နိုင်ချေများအားလုံးတွင် အခြေခံအဆောက်အအုံများ ထောက်ပံ့ကူညီရေးနှင့် ရင်းနှီးမြှုပ်နှံသူများအား စုစည်း လုပ်ကိုင်နိုင်ရန် ဖန်တီးပေးလျက်ရှိကြောင်း ပစိဖိတ်အမျိုးသမီးနှင့် ကလေးဆေးရုံကို တည်ထောင်ခဲ့သူ ရာဂျာဆက်ဟာရာရက်ဒီက ပြောကြားသည်။

အိန္ဒိယအစိုးရက အဆိုပါမြို့ဆင်ခြေဖုံး၌ ဆေးရုံသုံးရုံဆောက်လုပ်ရန် ငါးဧကမြေတစ်ကွက် ပေးထားသည်။ **အမ်အင်အေ၊ပီတီအိုင်**



**သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ ပြည်ပသို့ တင်ပို့ရောင်းချမည့် အဝတ်အထည်များ သီရိလင်္ကာအမျိုးသမီးဝန်ထမ်းများက ချုပ်လုပ်လျက်ရှိသည်ကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ၂၀၀၅ ခုနှစ် ဧပြီလ၌ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးနေ့ မိခင်နှင့်ကလေးများအတွက် အာရုံစိုက်လုပ်ဆောင်ကြမည်

ဂျီနီဗာ အောက်တိုဘာ ၃၀

**မမြင်နိုင်သော ကျန်းမာရေးအခက်အခဲများကို ဦးစားပေးရန် လာမည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့တွင် မိခင်နှင့်ကလေးများအတွက် အာရုံစိုက်လုပ်ဆောင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သောကြာနေ့တွင် ပြောကြားလိုက်သည်။**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းသည် ကိုယ်ဝန်ဆောင်မိခင်သေဆုံးပြီး ကလေး ၁၂ ယောက်တွင် တစ်ဦးမှာ ၎င်းတို့၏ ငါးနှစ်မြောက် မွေးနေ့ပင် မရောက်ရှိဘဲ သေဆုံးနေကြရလျက်ရှိကြောင်း ဒဗလျူအိတ်ချ်အိုပြောခွင့်ရ ပုဂ္ဂိုလ်ဖက်ဒယ်လာချိတ်ဘ်က သတင်းထောက်များအား ပြောကြားသည်။

**လျစ်လျူရှု**

ယင်းအမျိုးသမီးများနှင့် ကလေးများ၏ ကံကြမ္မာကို အလွန်လျစ်လျူရှုထားကြသည်ဟူ၍ သူမက ပြောကြားသည်။

**လိုအပ်**

၂၀၀၅ ခုနှစ် ဧပြီလ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်သည် မိခင်နှင့်ကလေးများ၏ အခက်အခဲများကို ထင်ဟပ်စေမည်ဖြစ်ကြောင်း၊ အစိုးရများနှင့် နိုင်ငံတကာအသိုက်အဝန်းသည် အမျိုးသမီးများနှင့်ကလေးများ၏ ကျန်းမာရေးကို ပိုမို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

**ပြောခွင့်ရ**

ဒဗလျူအိတ်ချ်အိုသည် ကမ္ဘာ့ကျန်းမာရေးနေ့တွင် ပထမဆုံးအကြိမ်အဖြစ် မိခင်နှင့်ကလေးများ ကျန်းမာရေးကို ရည်ညွှန်း၍လည်း ကျန်းမာရေးအစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်ကြောင်း အဆိုပါပြောခွင့်ရ အမျိုးသမီးက ပြောကြားသည်။

**ကြေကွဲဖွယ်**

သန်းပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးများ မလိုလားအပ်ဘဲ သေဆုံးကြရခြင်းသည် အမှန်တကယ် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ကြောင်း၊ မိမိတို့သည် ယင်းကိစ္စကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုညွှန်ကြားရေးမှူးချုပ် လီဂျောင်ဝုဒ်က ပြောကြားသည်ကို ၎င်းက ကိုးကားပြောကြားသည်။

**ဖြေရှင်းနေရ**

မိခင်များနှင့် ကလေးများ ကျန်းမာရေးသည် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးစိန်ခေါ်မှုများကို ဖြေရှင်းနေကြရခြင်းသည် အဓိကဖြစ်ကြောင်းဖြစ်လည်း ဒဗလျူအိတ်ချ်အို အကြီးအကဲက ထောက်ပြသွားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိ လျှပ်စစ်ဖြန့်ဖြူးပေးရေးဌာန၌ မနီလာလျှပ်စစ်ကုမ္ပဏီမှ ဝန်ထမ်းများက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အောက်တိုဘာ၂၈ရက်က တွေ့ရစဉ်။**

(ယင်း ကုမ္ပဏီမှ နေအိမ်နှင့် စီးပွားရေးလုပ်ငန်း လေးသန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သဖြင့် ၎င်းတို့၏ ဝင်ငွေသည် ပထမကိုးလတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၃ သန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# ဗီယက်နမ်ကျောက်မီးသွေးတင်ပို့မှု တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်

**ဟနွိုင်း အောက်တိုဘာ ၃၀**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၀လတွင် အမေရိကန်ဒေါ်လာ ၂၅၆သန်းတန်ဖိုးရှိ ကျောက်မီးသွေး တန်ချိန်၈ဒသမ၈သန်းကျော် တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၃ရာခိုင်နှုန်းနှင့် ၇၆ဒသမ ၁ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း၊ ဒေသထွက် ကျောက်မီးသွေးများကို အဓိကတင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ ဥရောပသမဂ္ဂနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

ယင်းကာလအတွင်း ဗီယက်နမ်သည် ကျောက်မီးသွေးတန်ချိန် ၂၀ဒသမ ၃သန်းကျော်ကို အကျိုးရှိရှိ အသုံးချနိုင်ခဲ့ပြီး လွန်ခဲ့သည့်နှစ် ယင်းကာလကထက် ၃၂ဒသမ၁ရာခိုင်နှုန်းကျော် အသုံးချနိုင်ခဲ့သည်။

အောက်တိုဘာလ တစ်လတည်းမှာပင် ကျောက်မီးသွေး တန်ချိန် ၂ဒသမ ၁သန်း အသုံးချနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ဒသမ ၅ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စောစောပိုင်းက ဗီယက်နမ်၏ တစ်ခုတည်းသော ကျောက်မီးသွေးတင်ပို့သည့် ဗီယက်နမ်ကျောက်မီးသွေး ကော်ပိုရေးရှင်းသည် ၂၀၀၄ ခုနှစ်တွင် ၁၀သန်းဝန်းကျင် တင်ပို့နိုင်ရေး အပါအဝင် ကျောက်မီးသွေးတန်ချိန် သန်း ၂၀ခန့်ထုတ်လုပ်ရန် ရည်မှန်းခဲ့သည်။

သို့သော် စွမ်းအင်နှင့် ဘိလပ်မြေကဲ့သို့ ဒေသစက်ရုံများကို လုံလုံလောက်လောက် ပံ့ပိုးဖြည့်ဆည်းနိုင်ရန်အတွက် ပြည်ပသို့ ကျောက်မီးသွေး တင်ပို့မှုကို တိုးမြှင့်ခြင်းမပြုရန် ဒုတိယဝန်ကြီးချုပ်ငုယင်တန်ဒန်က ညွှန်ကြားထားခဲ့သည်။

ဗီယက်နမ်သည် လွန်ခဲ့သည့်နှစ်က အမေရိကန် ဒေါ်လာ၁၇၅သန်း တန်ဖိုးရှိ ကျောက်မီးသွေး တန်ချိန် ၇ဒသမ၀၅သန်းကို သဘော်ဖြင့်တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၆ဒသမ ၅ရာခိုင်နှုန်းနှင့် ၁၂ဒသမ ၄ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်အထွေထွေစာရင်းအင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

1-11 (04).p65 1 25.03.1905, 9:49 PM



**မြတ်စွာဘုရား ပထမ ဝါကပ်တော်မူခဲ့သည့် မိဂဒါဝုန်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှု ကြည်ညိုကြစဉ်။ (သတင်းစဉ်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များက ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)**



***စာမျက်နှာ ၃ မှ***

ဖူးမြော်ကြည်ညိုသည့် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးများသည် ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်အား သင်္ကန်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

**လျှောက်ထားတင်ပြ**

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က မြန်မာကျောင်း ဆရာတော်များနှင့် စာသင်သားသံဃာတော်များအတွက် ပိဋကတ်သုံးပုံနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကြည်ညိုသာဓုအနုမောဒနာပြုနိုင်ရန် အလှူငွေစာရင်းကို လျှောက်ထားတင်ပြသည်။

**မိဂဒါဝုန်ရှိ အသောက ကျောက်စာတိုင်ကို တွေ့ရစဉ်။ (သတင်းစဉ်)**



**ရေစက်သွန်းချအမျှဝေ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးများသည် ကုသိနာရုံ မြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိသရထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာရှိ သီရိဓမ္မာသောကမင်းကြီး စတင်တည်ထားခဲ့သည့် မဟာဗောဓိစေတီတော်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ နံ့သာနှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**ရွှေပလ္လင်နှင့်ဗောဓိပင်ဖူးမြော်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မြတ်စွာဘုရားသဗ္ဗညုတဉာဏ်ကိုရရှိတော်မူခဲ့သည့် နေရာဖြစ်သော အပရာဇိတရွှေပလ္လင်နှင့် ဗောဓိပင်တို့ကို ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ စေတီတော်အနီးရှိ ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ကိုလည်း လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မှ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့၌ အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော် အနေကဇာတင်မင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြစဉ်နှင့် ဗုဒ္ဓဂယာ မြန်မာကျောင်းဆရာတော်နှင့် သံဃာတော်များက ဗုဒ္ဓကြေးဆင်းတုတော်ကို အနေကဇာ တင်တော်မူကြစဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

## တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော်အမှူးပြုသည့် ဆရာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက် လက်ထောက်ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ်သန်းအောင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်သံမှူးဗိုလ်မှူးချုပ်ကျော်ကျော်နှင့် ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကြည်ညိုကြသည်။

## အနေကဇာတင်

ရှေးဦးစွာဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တဉာဏိန္ဒနှင့် သံဃာတော်ရှစ်ပါးတို့က ဗုဒ္ဓကြေးဆင်းတုတော်ကို အနေကဇာတင်တော်မူကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော်ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဗုဒ္ဓဂယာမဟာဗောဓိစေတီတော် ပရဝဏ်အတွင်း လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ဗုဒ္ဓဂယာမဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တဗောဓိပါလထံ ဆက်ကပ်လှူဒါန်းစဉ်။**

**(သတင်းစဉ်)**



## ရေစက်သွန်းချအမျှဝေ

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ကုသိနာရုံ မြန်မာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အနေကဇာတင် မင်္ဂလာအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီးဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်များက ဗုဒ္ဓရုပ်ပွားတော်အား ကြာသင်္ကန်းလဲလှယ် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာဗောဓိစေတီတော်အတွက် လှူဒါန်းငွေများကို ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ Mr. Chaitanya Prasad အား ပေးအပ်လှူဒါန်းသည်။

## ဂါရဝပြုပေးအပ်

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မဟာဗောဓိစေတီတော် ပုံစံငယ်ကိုလည်းကောင်း၊ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်အား ဗုဒ္ဓရုပ်ပွားတော် ပုံတူကိုလည်းကောင်း၊ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌက ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ပရဝဏ်အတွင်းရှိ သတ္တာဟခုနစ်ဌာနအနက် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို ရှေးဦးစွာ ဖူးမြော်ကြည်ညိုကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁**

**စာမျက်နှာ ၆ မှ**

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရတနာစင်္ကြံတော်ကိုလည်းကောင်း၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဗုဒ္ဓမြတ်စွာ ခုနစ်ရက်ပတ်လုံး ရှုစားခဲ့သည့် အနိမိသ သတ္တာဟကိုလည်းကောင်း၊ရတနာဃရသတ္တာဟ အဘိဓမ္မစံကျောင်းတော်ကို လည်းကောင်း ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အဇပါလနိဂြောဓဆိတ်ကျောင်း ညောင်ပင်နေရာကိုကြည့်ရှုကြ သည်။

**မုစ္စလိန္ဒာသွားရောက်**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မုစ္စလိန္ဒာသတ္တာဟသို့ သွားရောက် ကြည်ညိုကြပြီး ငါးစာကျွေး ဒါနပြုကြသည်။

ထို့နောက် လင်းလွန်းပင်နေရာသို့ သွားရောက်၍ မြန်မာနိုင်ငံမှ ကုသိုလ်ပြု စိုက်ပျိုးထားသည့် လင်းလွန်းပင်ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုကြပြီး ရာဇာယတန သတ္တာဟ လင်းလွန်းပင်နေရာ ထိန်းသိမ်းစောင့်ရှောက်ထားမှုကိုကြည့်ရှုကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် တရားအားထုတ်နိုင်ရန် ဥယျာဉ် တည်ဆောက်ထားမှုများကိုလှည့်လည်ကြည့်ရှုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကို ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ နာယက ဆရာတော် ဘဒ္ဒန္တဗောဓိပါလထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ စုပေါင်းအလှူငွေများကို ဆရာတော် ဘဒ္ဒန္တဗောဓိပါလအား ဆက်ကပ်လှူဒါန်းသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များက ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်နှင့်ရွှေပလ္လင်ရှေ့၌ အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော် အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)**



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုအပြီးတွင် ဗုဒ္ဓဂယာ မြန်မာကျောင်းသို့ သွားရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏိန္ဒနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော်အား ဆွမ်းကွမ်းဝေယျာဝစ္စ အခြေအနေများကို မေးမြန်းလျှောက်ထားပြီး တာဝန်ရှိပုဂ္ဂိုလ်များအား ညှိနှိုင်းစီမံပေးရန် မှာကြားသည်။

**ငွေလှူဒါန်း**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့်အိန္ဒိယ သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၌ ဗုဒ္ဓဂယာမြန်မာကျောင်း၊ ကုသိနာရုံ မြန်မာကျောင်း၊ သာဝတ္ထိမြန်မာကျောင်း၊ ဗုဒ္ဓဘာသာမြန်မာကျောင်း၊ ပတ္တနား မြန်မာကျောင်း၊ အင်ဒို-မြန်မာကျောင်း၊ ဆေးဝက်ပါ မြန်မာကျောင်း၊ သင်္ကဿနဂို မြန်မာကျောင်း၊ မဟာဗောဓိဓမ္မရိပ်သာကျောင်း၊ မဟာအောင်မြေကျောင်း၊ ဘီဂရာမြန်မာကျောင်း၊ မိဂဒါဝုန်(မြန်မာ)ကျောင်း စသည့် အိန္ဒိယနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်းအတွက် ပိဋကတ်သုံးပုံ ပါဠိတော် မြန်မာပြန် စီဒီများ၊ မြန်မာ-အင်္ဂလိပ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာအုပ်များ၊ ဆေးပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို လှူဒါန်းခဲ့သည်။

**လှူဒါန်းခဲ့**

ထို့ပြင် အိန္ဒိယရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် စာသင်သား သံဃာတော်များအတွက်လည်း နဝကမ္မအလှူတော် ငွေများ လှူဒါန်းခဲ့သည်။**(သတင်းစဉ်)**

**ရေစက်သွန်းချအမျှဝေ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်နှင့်ရွှေပလ္လင်ရှေ့၌ အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော် အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)**

**ငါးစာကျွေးဒါနပြု**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မုစ္စလိန္ဒာအိုင်သို့ သွားရောက်ကြည်ညိုကြပြီး ငါးစာကျွေး ဒါနပြုကြစဉ်။ (သတင်းစဉ်)**





# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်မ
# အိန္ဒိယနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း(၁၈)ကျောင်းအတွက် ပိဋကတ်သုံးပုံမြန်မာပြ



## ဂါရဝပြု ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မဟာဗောဓိစေတီတော်ပုံစံငယ်ကို ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌက ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ကော်လ်ကတ္တားမြို့ **Raj Bhavan** ၌ အနောက်ဘင်္ဂလားပြည်နယ်အုပ်ချုပ်ရေးမှူး **Mr. Viren J.Shah** နှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဧည့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြစဉ်။
(သတင်းစဉ်)





# င်နှင့်အဖွဲ့ဝင်များ မဟာဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို
# သုံးပုံ မြန်မာပြန်စီဒီများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာအုပ်များနှင့် နဝကမ္မငွေများလှူဒါန်း





## ဗုဒ္ဓကြေးဆင်းတုတော်အား ဖူးမြော်ကြည်ညို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော် ဗောဓိပင်နှင့် ရွှေပလ္လင်ရှေ့၌အပူဇော်ခံမည့် ဗုဒ္ဓကြေးဆင်းတုတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)



လှူဒါန်းမှု
အစုစုအတွက်
ရေစက်သွန်းချ
အမျှပေးဝေ





## ကြိုဆို

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော်လ်ကတ္တားမြို့ရှိ **Victoria Memorial Hall** မှတာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

## ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကော်လ်ကတ္တားမြို့ရှိ **Victoria Memorial Hall** တွင် လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား အနောက်ဘင်္ဂလားပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် အောက်တိုဘာ ၃၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့မှ ကော်လ်ကတ္တားမြို့သို့သွားရောက်ရန် အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဂယာမြို့ The Royal Residency မှ ဂယာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ Magadh Division Commissioner, Mr. S.K.Negi နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် Indian Airlines အထူးလေယာဉ်ဖြင့် ဂယာမြို့မှ ကော်လ်ကတ္တားမြို့သို့ ရောက်ရှိကြရာ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Viren J. Shah နှင့်ဇနီး၊ အနောက်ဘင်္ဂလားပြည်နယ် ဝါရင့်ဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Satya Sadhan Chakraburly နှင့် အဆင့်မြင့် အရာရှိကြီးများက ကြိုဆိုကြသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ကော်လ်ကတ္တားမြို့ Netaji Subhas Chandra Bose International Airport တွင် အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

### ဂုဏ်ပြုပန်းစည်းပေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား မြန်မာကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

### ဂါရဝပြုကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကော်လ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးဇေယျာဦးနှင့် ဇနီး ဒေါ်ဝင်းဝင်းလှိုင်၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကော်လ်ကတ္တားမြို့ရှိ Victoria Memorial Hall ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် The Oberoi Grand Hotel° သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

### ဂုဏ်ပြုညစာတည်ခင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ညပိုင်းတွင် ကော်လ်ကတ္တားမြို့ Raj Bhavan ၌ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင် လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး ဒေါ်မာမာရှိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အလားတူ အနောက်ဘင်္ဂလား ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့နှင့် အတူ အနောက်ဘင်္ဂလားပြည်နယ်မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ရင်းနှီးစွာတွေ့ဆုံ

ဂုဏ်ပြု ညစာစားပွဲ မကျင်းပမီ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အနောက်ဘင်္ဂလား ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့သည် ဧည့်ခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။

### တိုးတက်မှုအခြေအနေ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် အနောက်ဘင်္ဂလား ပြည်နယ်အုပ်ချုပ်ရေးမှူးက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ် နှစ်ဆန်းပိုင်းက ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံဘက်က လှိုက်လှဲခင်မင်စွာ ကြိုဆိုခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

# အီဂတ်ပူရီမြို့ ဓမ္မတပေါဝန စေတီတော်စိန်ဖူးတော်တင်လှူပူဇော်
# သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၃၁

**အိန္ဒိယသမ္မတနိုင်ငံ အီဂတ်ပူရီမြို့ ကမ္ဘာ့ဝိပဿနာ တရားရိပ်သာအတွင်း တည်ထားသည့် ဓမ္မတပေါဝန စေတီတော် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။**

## တက်ရောက်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂါရဝ၊ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကါနှင့် ရိပ်သာတရားပြ ဆရာများ၊ ယောဂီများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

## ရိပ်သာမုခ်ဦးဖွင့်လှစ်

မင်္ဂလာအခမ်းအနား မကျင်းပမီ ရိပ်သာအဝင်'မြန်မာ'မုခ်ဦးဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပန်းပဒေသာကြိုးကို ဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဓမ္မစက်ဝန်းကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆရာကြီးဦးဘခင်ဝိပဿနာကျေးရွာမုခ်ဦးကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။ ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြန်မာမုခ်ဦး၊ ဓမ္မစက်ဝန်းနှင့် ဦးဘခင် ဝိပဿနာကျေးရွာမုခ်ဦးတို့ကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပရာ သီတဂူဆရာတော်ထံမှ ဝန်ကြီးနှင့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

**အိန္ဒိယသမ္မတနိုင်ငံ အီဂတ်ပူရီမြို့ ကမ္ဘာ့ဝိပဿနာ တရားရိပ်သာအတွင်း တည်ထားသည့် ဓမ္မတပေါဝန စေတီတော် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။**

**(သတင်းစဉ်)**



## ငှက်မြတ်နားတော် ဆက်ကပ်လှူဒါန်း

**အိန္ဒိယသမ္မတနိုင်ငံ အီဂတ်ပူရီမြို့ ကမ္ဘာ့ဝိပဿနာတရားရိပ်သာအတွင်း တည်ထားသည့် ဓမ္မတပေါဝန စေတီတော် စိန်ဖူးတော်တင်မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သီတဂူဆရာတော်ထံ ငှက်မြတ်နားတော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**



## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဆရာကြီးဦးဂိုအင်ကါတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို သီတဂူ ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ရွှေမိုးငွေမိုးရွာ

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က စိန်ဖူးတော်ကို ဦးဆောင် ပင့်ဆောင်လျက် စေတီတော်၏ အထွတ်တွင် ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးသည်။ ထို့နောက် စိန်ဖူးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားအောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဝန်ကြီးသည် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းသည်။

## လွှဲပြောင်းလှူဒါန်း

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဓမ္မတပေါဝနစေတီတော် စိန်ဖူးတော်တင်လှူပွဲသို့ လှူဒါန်းသည့် အလှူငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆရာကြီး ဦးဂိုအင်ကါထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားမည့် ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ရေး လုပ်ငန်းများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

***စာမျက်နှာ ၁၀ မှ***

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ အိမ်နီးချင်းနိုင်ငံဖြစ်မှုတွင် မိမိတို့ အနောက်ဘင်္ဂလားပြည်နယ်က မြန်မာနိုင်ငံနှင့် အနီးကပ်ဆုံး တည်ရှိနေကြောင်း၊ မြန်မာနိုင်ငံနှင့် အနောက်ဘင်္ဂလားပြည်နယ်မှာ ကဏ္ဍအသီးသီးတွင် ယခင်ကတည်းကပင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ရှေ့ဆက်လက်၍လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## တည်ခင်းဧည့်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား အနောက်ဘင်္ဂလားပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

## ကြည့်ရှုလေ့လာ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ကော်လ်ကတ္တားမြို့ရှိ Victoria Memorial Hallသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား Victoria Memorial Hall ၏ Secretary & Curator Prof Chitta Panda နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး Prof Chitta Panda က ပြတိုက်နှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Victoria ဘုရင်မကြီးရုပ်တုနှင့် ပန်းချီ ကားများ၊ ဓား၊ လှံ၊ ဒိုင်းစသည့် အိန္ဒိယတိုင်းရင်းသားတို့ အသုံးပြုခဲ့သည့် လက်နက်အသုံးအဆောင်များ၊ ရုပ်တုကြီးများနှင့် Victoria Memorial Hall ပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အနောက်ဘင်္ဂလားပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ သရုပ်ဖော် ပန်းချီကားများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ရှင်းလင်းပြသ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဒေသခံတို့၏ လူနေမှု ဘဝဆိုင်ရာ ပြကွက်များကို ရုပ်တုများဖြင့် ခင်းကျင်းစီစဉ် ပြသထားမှုများအား လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ ခေါင်းဆောင်များ၏ ပုံတူပန်းချီကားကြီးများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပြတိုက်မှူး Prof Chitta Panda အား လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

## ပို့ဆောင်နှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် မွန်းလွဲ ၂ နာရီတွင် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ကော်လ်ကတ္တားမြို့ Netaji Subhas Chandra Bose International Airportသို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး၊ ကောင်စစ်ဝန်ချုပ်ဦးဇေယျာဦးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုပို့ဆောင်နှုတ်ဆက်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပို့ဆောင်နှုတ်ဆက်ကြသည့် အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Viren J. Shah နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Rajiv Kumar Bhatiaနှင့် ဇနီးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပို့ဆောင် နှုတ်ဆက်ကြသူများအား လေယာဉ်လှေကားထိပ်မှ ထပ်မံ၍ နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁–၁၁–၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပာန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Mental Health and Guidance (ဒုတိယနှစ်၊ စိတ်ပညာ)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း–၁၀)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစုံစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၂၅)





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏တယောနှင့်စောင်းအတီးပြိုင်ပွဲကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၃၁

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပလျက်ရှိသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ကျင်းပသော တယောပြိုင်ပွဲနှင့် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ကျင်းပသော စောင်းအတီးပြိုင်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မွန်းလွဲ ၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံသို့ရောက်ရှိလာရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဝါသနာရှင်အဆင့်(အမျိုးသား)တယောပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

## ပဒုမ္မာဇာတ်ရုံ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့သည် မွန်းလွဲ ၂နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံသို့ ရောက်ရှိကြရာ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

## စောင်းအတီးပြိုင်ပွဲ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့သည် ဝါသနာရှင်အဆင့်(အမျိုးသား)စောင်းအတီးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတို့ကို ကြည့်ရှု အားပေးကြပြီး ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

## ပြိုင်ပွဲများပြီးစီး

မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေး၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ကျင်းပလျက်ရှိသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယနေ့ညနေပိုင်းတွင် ပြိုင်ပွဲများ အားလုံး ကျင်းပပြီးစီးသွားသည်။

## ကြည့်ရှုအားပေး

ယနေ့ ကျင်းပသည့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏အတီးပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီးတင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင်အနုပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကိုလေးစားမြတ်နိုးတန်ဖိုးထားကြသော အနုပညာဝါသနာရှင်များလာရောက်ကြည့်ရှုအားပေး နားသောတဆင်ကြသည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

## ပြိုင်ပွဲဝင်

ရှေးဦးစွာ အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် **‘ရွှေပြည်ကြီးရော(ကြိုး)’** သီချင်းဖြင့် ရန်ကုန်တိုင်းမှမောင်မိုးမြင့်ဆက်၊ ပဲခူးတိုင်းမှ မောင်လွင်ဝေယံမောင်နှင့်မန္တလေးတိုင်းမှ မောင်သိပ်ချစ်အောင်တို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် **‘ဘုံဆောင်မြင့်(ကြိုး)’** သီချင်းဖြင့် ဧရာဝတီတိုင်းမှမနှင်းနှင်းလှိုင်၊ မန္တလေးတိုင်းမှမဖူးမေခင်နှင့် ပဲခူးတိုင်းမှ မနန္ဒာဝတ်ရည်တို့ပါဝင်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကိုနံနက် ၁၀နာရီ ၅မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် ဝါသနာရှင်အဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ **‘ရာပြည်မင်းငယ်သို့(ယိုးဒယား)’** သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးမြင့်သိန်း၊ ရခိုင်ပြည်နယ်မှ ဦးသဲအောင်ချစ်၊ မန္တလေးတိုင်းမှ မောင်ကိုကိုအောင်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း၊ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ မကွေးတိုင်းမှ ဦးအောင်သိန်းနှင့် ဧရာဝတီတိုင်းမှ မောင်ညီညီအောင်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတွင် **‘မန္တလာဘုံ(ဘွဲ့)’** သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြည့်နွှန့် တစ်ဦးတည်းပြိုင်ပွဲဝင်သည်။

## အမှတ်ပေး

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား၊အမျိုးသမီး)စောင်းအတီးပြိုင်ပွဲနှင့်ဝါသနာရှင်အဆင့် (အမျိုးသား၊ အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတို့ကို အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးသိန်းဟန်ကြီးနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တယောပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ နံနက် ၉နာရီတွင် ဆက်လက်ကျင်းပသည်။

## တယောပြိုင်

ဝါသနာရှင်အဆင့် (အမျိုးသား) တယောပြိုင်ပွဲတွင် **‘ဖြူပြာမှုယာ(ပတ်ပျိုး)’** သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးအေးမောင်၊ ချင်းပြည်နယ်မှ ဦးကျော်အေး၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်းနှင့်ဦးစန်းမောင်(ခ)ဦးဘိုနီ၊ မကွေးတိုင်းမှ ဦးထိုက်၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ ရခိုင်ပြည်နယ်မှ မောင်စည်သူအောင်၊ မန္တလေးတိုင်းမှ ဦးညွန့်ဝင်းနှင့် ဧရာဝတီတိုင်းမှ ဦးတင်စိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) တယောပြိုင်ပွဲတွင် **‘ရှင်သီဝလိ(ကာလပေါ်)’** သီချင်းဖြင့် ကယားပြည်နယ်မှ မောင်စောဘိုစေးဝေ၊ ရခိုင်ပြည်နယ်မှ မောင်ဆက်အာကာဇော်၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ ကချင်ပြည်နယ်မှ မောင်နေလင်းစိုး၊ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ မန္တလေးတိုင်းမှ မောင်ရန်နိုင်အောင်၊ ရန်ကုန်တိုင်းမှ စောကျော်နုသန်မင်းနှင့် မန္တလေးတိုင်းမှ မောင်အောင်ဇင်ဦးတို့ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)တယောပြိုင်ပွဲတွင် **‘ရှင်သီဝလိ(ကာလပေါ်)’** သီချင်းဖြင့် မွန်ပြည်နယ်မှ မသင်းသင်းယုအောင်၊ ဧရာဝတီတိုင်းမှ မထက်မြတ်မွန်၊ မန္တလေးတိုင်းမှ မနွယ်မျိုးအေး၊ ကယားပြည်နယ်မှ နော်ဒိုနေထူးနှင့် ရန်ကုန်တိုင်းမှ မဆုရွက်ဝေတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

တယောပြိုင်ပွဲကို အကဲဖြတ်အဖွဲ့ခေါင်းဆောင် တယောဦးတင်ရီနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

## စည်ကားသိုက်မြိုက်

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်းချာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲနှင့် မဟော်သဓာရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင်**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၈၇၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ရင်းနှီးမြှုပ်နှံရေးနှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဝန်ကြီးများ တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၃၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ အိန္ဒိယသမ္မတနိုင်ငံ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့သည် အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် နယူးဒေလီမြို့ Maurya Sheraton Hotel၌ India-Myanmar Joint Task Force က ဦးစီးကျင်းပသည့် Chamber of Indian Industry မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။**

အဆိုပါ အခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Shri Kamal Nath နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် India-Myanmar Joint Task Force, Chairman. Mr. Rajive Kaul က နှုတ်ခွန်းဆက်စကားနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### စက်မှုလက်မှုလုပ်ငန်းရှင်းလင်း

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ အခြေအနေ၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးတက် ကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှုနှင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် India-Myanmar Joint Task Force, Chairman Mr. Rajive Kaulက တစ်နှစ်တာ ဆောင်ရွက်ချက် အခြေအနေ တင်ပြသည့် စာတမ်းကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးအောင်သောင်းနှင့်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် အဆိုပါ ဟိုတယ်၌ပင် စီးပွားရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Shri Kamal Nath နှင့် ထပ်မံတွေ့ဆုံကြသည်။

### နယ်စပ်ကုန်သွယ်ရေးဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကိစ္စများ၊ နယ်စပ်ကုန်သွယ်မှုတိုးတက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ၂နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ Samra Intel (PVT) Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Harjap Singh Samraနှင့် Luxmi Intelမန်နေဂျင်းဒါရိုက်တာ Mr. Anil Auluck တို့အားလည်းကောင်း၊ ညနေ ၄နာရီတွင် AVM Group မှ President Mr. S.N. Kejriwal အား လည်းကောင်း ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ The Oberoi Hotel ၌ လက်ခံတွေ့ဆုံသည်။

### ရင်းနှီးမြှုပ်နှံမှုများရှင်းလင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် နယူးဒေလီမြို့ရှိ The Oberoi Hotel ၌ အောက်တိုဘာ၂၅ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံမှ G.R Group၊ Larsen and Toubra Ltd.၊ Nipha Export(P)Ltd. တို့မှ မန်နေဂျင်းဒါရိုက်တာများအား လည်းကောင်း၊ မွန်းလွဲပိုင်းတွင် World Best Trading Co.,မှ မန်နေဂျင်း ဒါရိုက်တာ၊ Amgelique International Co., မှ Chairmanတို့အားလည်းကောင်း လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး ရှရီကေ၊ နတ်ဝါဆင်းအား အောက်တိုဘာ ၂၅ ရက် ညနေ ၆နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ကိစ္စများကို ဆွေးနွေးကြသည်။





ထို့အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၂၅ရက် ညနေ ၄နာရီခွဲတွင် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ ရထားပို့ဆောင်ရေးဝန်ကြီး H.E. Mr. Lalu Prasad အား တွေ့ဆုံသည်။

### မြန်မာ့မီးရထားအဆင့်မြှင့်ရေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့မီးရထား အဆင့်မြှင့်တင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများကို ဆွေးနွေးကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် အောက်တိုဘာ၂၅ရက် ညနေ ၄နာရီခွဲတွင် နယူးဒေလီမြို့၌ Minister of Information Technology and Communications, Shri Dayanidhi Maran အားအဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆက်သွယ်ရေးကဏ္ဍ၊ နည်းပညာဖလှယ်ရေးကဏ္ဍတို့နှင့် စာတိုက်လုပ်ငန်းတို့တွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၂၅ရက်ညနေ ၄နာရီခွဲတွင်နယူးဒေလီမြို့ The Oberoi Hotel အခန်းအမှတ် ၈၁၆၌ အိန္ဒိယသမ္မတနိုင်ငံ Petroleum & Natural Gas Ministry မှ Secretary နှင့် ONGC (VEDESH)နှင့် Gail (India) Pte.,Ltd. တို့မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံ တွေ့ဆုံသည်။

### စက်သုံးဆီရောင်းဝယ်ရေးဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၌ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံက ထွက်ရှိသည့်သဘာဝဓာတ်ငွေ့ကိုအိန္ဒိယနိုင်ငံသို့ ပို့ရေးအတွက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး၊ နယ်စပ်၌စက်သုံးဆီရောင်းဝယ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းသည် အောက်တိုဘာ ၂၅ရက်ညနေ ၅နာရီတွင်အိန္ဒိယသမ္မတနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး Mr. Kapil Sibal အားအဆိုပါ ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

### သိပ္ပံနှင့်နည်းပညာပူးပေါင်းရေး

ထိုသို့ တွေ့ဆုံရာတွင် ၁၉၉၉ ခုနှစ် ဇွန် ၂၄ရက်တွင် ဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သော နားလည်မှု စာချွန်လွှာပါသဘောတူညီချက်အရ ဒုတိယဝန်ကြီးများဦးဆောင်သည့် စတုတ္ထအကြိမ်အိန္ဒိယ-မြန်မာသိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်၌ နယူးဒေလီမြို့တွင်ကျင်းပရန် ဆွေးနွေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် အောက်တိုဘာ ၂၅ရက်ည ၈နာရီတွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ Care Foundation မှ Prof.Raju နှင့် Prof. Tiyari တို့အားတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများနှင့်ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ အထူးသဖြင့် နှလုံးရောဂါကုသရေးနှင့် ခွဲစိတ်ရေးလုပ်ငန်းများ၊ အစာအိမ်လမ်းကြောင်းရောဂါကုသရေးနှင့်ရောဂါရှာဖွေရေးကိစ္စများ၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## တွေ့ဆုံဆွေးနွေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တို့ နယူးဒေလီမြို့ Maurya Sheraton Hotel ၌ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Shri Kamal Nath နှင့် တွေ့ဆုံ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)**

## လက်ခံတွေ့ဆုံ

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အောက်တိုဘာ ၂၅ရက်က နယူးဒေလီမြို့ The Oberoi Hotel ၌ အိန္ဒိယသမ္မတနိုင်ငံ Petroleum & Natural Gas Ministry မှ Secretary၊ ONGC (VEDESH)နှင့် Gail (India) Pte.,Ltd.တို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**




## သာယာမည်

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**


# ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၃၁

ထိုင်းနိုင်ငံ ကရာဘီမြို့၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)ဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Opas Chantarasap တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ပို့ဆောင်နှုတ်ဆက်

**ထိုင်းနိုင်ငံ ကရာဘီမြို့တွင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)ဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)**



လှိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၂၀ရက်က ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေး ခန်းမတွင်ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းအေးဟန် အမှာစကား ပြောကြားစဉ်။

(၀၆၆)

# နံ့သာတော ကျေးလက်စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံနှင့် ပရိဘောဂများလှူဒါန်း

**အရာတော် အောက်တိုဘာ ၁၅**

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရဲချင်းကျေးရွာ၌ နံ့သာတော ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၇ရက် နံနက်၉နာရီက ကျင်းပရာ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးတင်သန်းဝင်း၊ မြို့နယ် အတွင်းရေးမှူးဦးစိုးစိုးအောင်၊ နယ်မြေ တာဝန်ခံမြို့နယ် တိုင်းရင်းဆေးဦးစီး ဌာနမှ ဆရာမဒေါ်တင်သန်းနွယ် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(အောက်ပုံ)**

အခမ်းအနားတွင်မြို့နယ်အတွင်း ရေးမှူး ဦးစိုးစိုးအောင်က အဖွင့်အမှာ စကားပြောကြားပြီး မုံရွာခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးတင်သန်းဝင်းက စာကြည့် တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက် များ ရေရှည်တည်တံ့ရေး တို့ကို လည်းကောင်း အသီးသီး ဆွေးနွေး ဟောပြောကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စာအုပ်အလှူရှင်၁၀ဦး တို့က သုတ၊ ရသ စာအုပ်မျိုးစုံ ၂၅၀ နှင့် စာကြည့်တိုက်သုံးပရိဘောဂများ ပေးအပ်လှူဒါန်းကြရာကျေးရွာစာကြည့် တိုက်မှူး ဦးကျော်ဆန်းဝင်းက လက်ခံ ရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

**ဆုချီးမြှင့်**



မော်လမြိုင်ခရိုင် စာရေး ဝန်ထမ်း များ လုပ်ငန်းစွမ်း ဆောင်ရည် မြင့် မားရေး သင်တန်း အမှတ်စဉ် (၇/ ၂၀၀၄)သင်တန်း ဆင်းပွဲနှင့် ထူးချွန် ဆု ချီး မြှင့် ပေး အပ် ပွဲ အ ခမ်း အနားကို အောက် တိုဘာ၉ရက်က မော် လ မြိုင် မြို့ နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမတွင်ကျင်းပရာ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိမ်းဆွေက ပထမဆုရသော အကြီးတန်းစာရေး ဦးတင်ထူးအားဂုဏ်ပြု ဆု ချီးမြှင့်စဉ်။

(၁၆၈)

# ညောင်တုန်းမြို့တွင် မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်းဆင်း

**ညောင်တုန်း နိုဝင်ဘာ ၁**

မီးဘေးအန္တရာယ် ကြိုတင် ကာကွယ် တားဆီးနိုင်ရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညောင်တုန်းရေနံနှင့် သဘာဝ ဓာတ်ငွေ့မြေနှင့် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သည့် သီးသန့် မီးသတ်တပ်ဖွဲ့ ဝင်များ၏ အကြိုအခြေခံ မီးသတ် ပညာ သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲကို ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ အောက်တိုဘာ ၁၉ရက်က ကျင်းပသည်။

**ပေးအပ်**

အခမ်းအနားတွင် ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ အထွေထွေမန်နေဂျာ ဦးအေးမြင့်၊ မအူပင်ခရိုင် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီတို့က သင်တန်း ဆင်း အမှာစကားပြောကြားကြပြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က သင်တန်းဆင်းများအား သင်တန်း ဆင်းလက်မှတ်များကို လည်းကောင်း၊ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့ မြေ အထွေထွေမန်နေဂျာ ဦးအေး မြင့်က သင်တန်းဆရာများအား ဂုဏ်ပြု လက်ဆောင်များကို လည်းကောင်း ပေးအပ်ကြသည်။

**(အောက်ပုံ) (၀၉၈)**





# အပြို့မြို့ အနယ်နယ် သတင်းများ

# လပွတ္တာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ရွှေဝတ်မှုံ စာကြည့်တိုက်ဖွင့်

**လပွတ္တာ အောက်တိုဘာ ၁၇**

လပွတ္တာမြို့နယ် ပေါက်ကျေးရွာအုပ်စုတွင် ရွှေဝတ်မှုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ၁၁ရက်ကကျင်းပရာ ကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးမောင်မောင်အေး နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပြီး စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

အလားတူ ဒေါင့်ချောင်းကျေးရွာတွင်ပန်းသတင်း၊ ရေတွင်းကုန်းကျေးရွာတွင် ပြည်သူ့အလင်း၊ထန်းပင်ချောင်း ကျေးရွာတွင် အလင်းရောင်၊ ဇီးဖြူကျေးရွာတွင် ပန်းစကား နှင့် အထက်ချောင်းကျေးရွာတွင် ဇာတိမာန်စာကြည့်တိုက် များကိုဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ် သစ်ဆိမ့်ပင်–ခလွန် ကျေးလက်လမ်း မြေသားပြုပြင်

**ကျိုက်ထို အောက်တိုဘာ ၁၀**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် သစ်ဆိမ့်ပင်– ခလွန် ကျေးလက်လမ်းအရှည် တစ်မိုင်နှစ်ဖာလုံအား အကျယ်၁၂ပေကို ဂဝံလမ်းအဖြစ်ခင်းကျင်းနိုင်ရေးအတွက် မြေသား ပြုပြင်နေမှုကို စက်တင်ဘာ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွန်းတို့က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ဂဝံလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၂၃၀၀၀၀နှင့် ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလမ်းပြီးစီးပါက သစ်ဆိမ့်ပင်၊ ခလွန်၊ စွပ်ပွန်း စသည့်ကျေးရွာများမှ ကျေးလက်ပြည်သူများ ကျိုက်ထိုမြို့သို့ လွယ်လင့်တကူ လုံခြုံချောမွေ့စွာ သွားလာနိုင်ကြမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**





**မြန်မာ့အသံ**

**၂-၁၁-၂၀၀၄**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်း ဆရာတော်ကြီး၏ မင်္ဂလသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပုလဲနဒီ–ပုစွန်သားဖောက်လုပ်ငန်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(သီချင်းက ပြောသည့် မြို့တော်ရွှေဘို– တက္ကသိုလ်ညိုသန့်)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ရဲရင့်ခြင်းကို တွန်းအားပေးသော မြန်မာမှုစာမွန်–ညွန့်ဟံ–ကြူတော)

၁၂း၂၀ ဇာတ်လမ်းပမာ(ချစ်သူ့စကား)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ပညာဘဏ်တိုက်စာကြည့်တိုက်– သာရဝေါ–စိုးကြည်)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဆဋ္ဌမတန်း–စာရိတ္တနှင့် လောကနီတိ)

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (အချိုပေါ့ရမည့်အချစ်)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (လေ့ကျင့်ခန်းဖြင့် ခန္ဓာကိုယ် အလေးချိန်ထိန်းသိမ်းနိုင်ခြင်း)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)

၂၀း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

# ဝမ်းတွင်းမြို့နယ် သမိုင်းဝင်မြတ်ညီနောင်စေတီတော် ထီးတော်တင်လှူပူဇော်ရေး စည်းဝေး၊ အလှူငွေပေးအပ်လှူဒါန်း

**ဝမ်းတွင်း အောက်တိုဘာ ၂၅**

ဝမ်းတွင်းမြို့ သမိုင်းဝင် မြတ်ညီနောင်စေတီတော် ထီးတော်တင်လှူပူဇော် နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က မြတ်ညီနောင် စေတီတော်ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက ထီးတော် တင်လှူပူဇော်နိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက အကြံပြုရှင်းလင်းပြောကြားကြသည်။ ဝမ်းတွင်းမြို့နေ ဒေါ်တင်ရ(သား) ကိုနိုင် (နေလစီးပွားရေးလုပ် ငန်းစု) မိသားစုက ကွယ်လွန်သူဖခင်ကြီး ဦးတိုးအောင်အား ရည်စူး၍ ထီးတော်တင်လှူပူဇော်ရန် အလှူငွေကျပ် ၁၄၆၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြောင်းသိရသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





**ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော် အရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ညောင်ရွှေမြို့ အလကကျောင်းကွင်းတွင်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိုးညွန့်တို့က ဈေးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)

## သထုံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြော

**သထုံ အောက်တိုဘာ ၁၈**

သထုံမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က မြို့နယ်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတက်တိုးက သစ်တော သစ်ပင်၏ အရေးကြီးပုံနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာများ ဟောပြောကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**အမှတ် (၃၃၉) ဗညားဒလလမ်း ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးဝင်းရှိန်-ဒေါ်ခင်မြင့်မြင့်၊ သား မောင်မင်းထက်ခေါင်၊ သမီး မဟန်နီဝင်း'ကောင်းကျော်' ဗီဒီယိုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းနိုင် (မော်တော်ယာဉ်ခေါင်းဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က-ပ)





### ပေးအပ်

**အောက်တိုဘာ ၁၄ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးသန်ဇင်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးကျော်ဆန်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။**

(မြို့နယ် လဝက)



**အောက်တိုဘာ ၂၂ ရက်က ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် ပျိုးခင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ပျိုးထုတ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်မောင်နှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။**

(နယ်စပ်စည်ပင်)

# တစ်ဦးတည်းသောသား ရုပ်ရှင်ဇာတ်ကား ဗီဒီယိုရိုက်ကူး ယခုအပတ် မြန်မာဗီဒီယို ကိုးကားဖြန့်ချိပြသခွင့်ရ

**မောင်ဆွေထွန်း**



**ရွှေစင်ဦးဗီဒီယို၏ 'တစ်ဦးတည်းသောသား' ဇာတ်ကားမှ လူမင်းနှင့် ခင်သန်းနုတို့၏ သရုပ်ဆောင်ဟန်။**

**ရန်ကုန် အောက်တိုဘာ ၃၁**

ယခုအပတ် နိုဝင်ဘာ ၁ ရက် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်



**'ဘယ်သူဖြစ်မလဲ'ဇာတ်ကားမှ လွင်မိုးနှင့် နန္ဒာလှိုင်။**

ကား ကိုးကားဖြန့်ချိ ပြသခွင့်ရရှိရာ **တစ်ဦးတည်းသောသား** ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးသည့် ဗီဒီယိုဇာတ်ကားတစ်ကား ပါဝင်သည်ကို တွေ့ရသည်။

ထိုဇာတ်ကားများမှာ သုခမိန်ဗီဒီယိုမှ ဒါရိုက်တာ သီဟတင်သန်း ရိုက်ကူး၍ ဒွေး၊ သားညီနှင့် မိုးပြည့်ပြည့်မောင်တို့ပါဝင်သော **ပျော်စရာကြီး** ဇာတ်ကား။ လပ်ကီပလေ့ဗီဒီယိုမှ ဒါရိုက်တာကိုဇော် (အရဏ်ဦး) ရိုက်ကူး၍လွင်မိုးနှင့်နန္ဒာလှိုင်တို့ပါဝင်သော **ဘယ်သူဖြစ်မလဲ** ဇာတ်ကား။ ရွှေစင်ဦးဗီဒီယိုအတွက် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူး၍ လူမင်း၊ ခင်သန်းနုနှင့် ထွန်းအိန္ဒြာဗိုလ်တို့ပါဝင်သော **တစ်ဦးတည်းသောသား** (ဇာတ်ကား)။ ဟတ်(Heart) ဗီဒီယိုမှ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူး၍ ရာဇာနေဝင်း၊ မို့မို့မြင့် အောင်နှင့် ခိုင်သင်းကြည်တို့ပါဝင်သော **မောင့်ရဲ့သစ္စာ** ဇာတ်ကား။

ပရိုင်းအတ်ဗီဒီယိုမှ ဒါရိုက်တာ သက်ပိုင်စိုးရိုက်ကူး၍ ကင်းကောင်၊ ဇေလုဝနှင့် ပပဝင်းခင်တို့ ပါဝင်သော **ကိုကိုကတရုတ်ကား၊ ကျွန်မက ကိုရီးယား** ဇာတ်ကား။ ကြောင်ကမ္ဘာ ဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူး၍ နေမျိုးအောင်၊ ကျော်ဇောဟိန်းနှင့် အေးဝတ်ရည်သောင်းတို့ ပါဝင်သော **ပျဉ်းမငုတ်တိုရဲ့ လပြည့်ည** ဇာတ်ကား။

စူပါနိုင်းဗီဒီယိုမှ ဒါရိုက်တာသပြေးသုရိုက်ကူး၍ ခင်လှိုင်၊ ပိုးဖြူ၊ ဇေလုဝနှင့် စပယ်မိုးတို့ ပါဝင်သော **ထီရှူးဖိုးထူး** ဇာတ်ကား။ စိန်ငွေး ဗီဒီယိုမှ ဒါရိုက်တာ ကိုအောင်မင်းသိမ်းရိုက်ကူး၍ ကျော်ရဲအောင်၊ ခိုင်နှင်းဝေနှင့် အရိုင်းတို့ပါဝင်သော **တိမ်တွေပေါ်မှာထိုင်ကြည့်ပါ** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဒယ်နီ ရိုက်ကူး၍ နေထက်လင်း၊ ကျော်ဇောဟိန်းနှင့် မျိုးစန္ဒီကျော်တို့ ပါဝင်သော **ငရဲမီးနှင့်မိုးကြိုးသွား** ဇာတ်ကားများ ဖြန့်ချိပြသမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

**ဒါရိုက်တာ စန္ဒာ အောင်သိန်း၏ 'ပျဉ်းမ ငုတ် တိုရဲ့ လ ပြည့် ည' ဇာတ် ကား မှ အေးဝတ်ရည် သောင်း။**



# ကျိုင်းတုံလေယာဉ်ကွင်းကို လေယာဉ်ကြီးများဆင်းတက်နိုင်ရေးတိုးချဲ့ပြုပြင်နေ အတွင်းရေးမှူး(၂) ကျိုင်းတုံခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒီဂရီကောလိပ်အတွင်း ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



**ရန်ကုန် ဇန်နဝါရီ ၁၀**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ နံနက်၁၁နာရီခွဲတွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)

**စာမျက်နှာ ၁၁ ကော်လံ ၁** ❀

# အိမ်ရှင်နိုင်ငံအဖြစ်စည်ကားသိုက်မြိုက်စွာလက်ခံကျင်းပမည့် အသက်( ၁၄ )နှစ်နှင့်အောက်အာရှဇုန်( ၂ )တင်းနစ်ပြိုင်ပွဲ

**ယနေ့ထုတ်စောင်ရေ ၂၀၂၂၅၆**



အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လာအိုမှပြိုင်ပွဲဝင်တစ်ဦး လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-တင်ထွဋ်(TFM)

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၀၄ခုနှစ် နှစ်သစ်ကူးကာလတွင် မြန်မာအားကစားပရိသတ်များအတွက် စိတ်ဝင်စားဖွယ်ရာ စောင့်ကြိုလျက်ရှိသည့် နိုင်ငံတကာ ပြိုင်ပွဲကြီးတစ်ပွဲကား အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူး၍ ဇန်နဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ

**စာမျက်နှာ ၁၃ ကော်လံ ၁** ☼

သတင်းဆောင်းပါး-မောင်မောင်ထွေး
ဓာတ်ပုံ-တင်ထွဋ်(TFM)နှင့်
သိန်းဝင်းလေး(မြန်မာ့အလင်း)





အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမှ မိုးချစ်သဲ လေ့ကျင့်စဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မလေးရှားကစားသမားများ အကြောလျှော့လေ့ကျင့်ခန်း ပြုလုပ်နေကြစဉ်။
ဓာတ်ပုံ-တင်ထွဋ်(TFM)

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ထူးကဲသည့်ကြယ်တာရာစုများ

ဇန်နဝါရီ ၈ရက်က ဟူဘယ်လ်အာကာသအဝေးကြည့်မှန်ပြောင်းကတစ်ဆင့် မကြုံစဖူးထူးကဲသည့် ကြယ်စု ၁၀၀၀၀ ထက်မနည်း ပါဝင်သောကောင်းကင်ပြင်၏ ကြီးမားသည့် ဂြိုဟ်စိုင်ခဲကြီးများကို အောက်ပုံတွင်ပါသည့်အတိုင်း ဖန်တီးထားသည်ကို တွေ့ရစဉ်။ **(ဓာတ်ပုံ–ရိုက်တာ)**





### ကြောက်စရာငါးမန်းကြီးများ

တောင်အာဖရိကနိုင်ငံမြို့တော် ကိပ်တောင်းမြို့ရှိ သမုဒ္ဒရာရေသတ္တဝါများပြခန်းတွင် လာရောက်ကြည့်ရှုသူတစ်ဦး ဖန်သားပြင်ကန်ကြီးအတွင်း၌ ကူးခတ်သွားနေသော ကြောက်စရာ ငါးမန်းကြီးနှစ်ကောင်ကို ဖန်သားပြင် ကန်ကြီးအောက်ခြေမှနေ၍ အပေါ်ပုံပါအတိုင်း တအံ့တသြငေးမောကြည့်ရှုခဲ့ရသည်။ **(ဓာတ်ပုံ–ရိုက်တာ)**

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစတင် ဝမ်ချိုင်းနှင့်ချန်ပီယံရွှေဆိုင်းယနေ့ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီက သုဝဏ္ဏပိုက်ကျော်ခြင်းရုံ၌ စတင်ကျင်းပသည်။

**သုံးချီ ကြားပွဲ**

သုံးချီ ကြားပွဲတွင် စကြာငယ်(ဒိုက်ဦး)နှင့် လျှပ်စီး(KLN)တို့ပွဲမှ စတင်ရာ သရေပွဲကျသည်။ခေါင်ဆိုင်(မကွေး)နှင့်နေနိုင်(ပျော်ဘွယ်)တို့ပွဲမှာ သရေပွဲပင်ဖြစ်သွားသည်။ အောင်ကျော်မြတ်(မြောက်ဒဂုံ)နှင့် မြတ်သူ(ရန်ကုန်)တို့ယှဉ်ပြိုင်ကြရာ ဒုတိယအချီတွင် အောင်ကျော်မြတ် လဲကျအရှုံးပေးသွားရသည်။

**လေးချီ အထူးပွဲ**

လေးချီအထူးပွဲတွင် ကိုဦးလေး(စည်/ပင်)နှင့်မင်းမိုးဇက်(လှိုင်သာယာ)၊ ရွှေမျိုးဝင်း(မ/ဥက္ကလာ)နှင့် သမိန်ရာဇာ(မလှိုင်)တို့ပွဲများတွင် မင်းမိုးဇက်(လှိုင်သာယာ)နှင့် သမိန်ရာဇာ(မလှိုင်)တို့ ရှုံးနိမ့်သွားကြသည်။ စောမျိုးသန်း(ဘားအံ)နှင့် မုန်တိုင်း(တွံတေး)တို့ ယှဉ်ပြိုင်ကြရာ ပူးတွဲသရေကျသွားသည်။

ငါးချီ စိန်ခေါ်ပွဲကို ရွှေကြယ်ဖြူ (ရွှေရိုးရာ)နှင့် ရာဇာ(ဒိုက်ဦး)တို့ ယှဉ်ပြိုင်ကြရာ၌ အစပိုင်းတွင် အထိုးအကန်အကျောက်ကောင်းကြသော်လည်း ရွှေကြယ်ဖြူ၏ အထိုးအကန်အကျောက်များကြောင့်

**စာမျက်နှာ ၉ ကော်လံ ၃** ✾